ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
FRD
FINANCIAL REGULATORY DEPARTMENT

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
## ရုံးအမှတ် (၃၄) ၊နေပြည်တော်

ဖုန်း - ၀၆၇ - ၃၄၁၀၁၅၃၊ ဖက်(စ်) - ၀၆၇- ၃၄၁၀၁၅၄၊ အီးမေးလ်- frdho34@gmail.com

စာအမှတ်၊ ငကစ/မူဝါဒ/(၆၉၆/၂၀၂၆)

ရက် စွဲ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်

အကြောင်းအရာ။ **UNSCR Sanction List များနှင့်ပတ်သက်၍ Update လွှင့်တင်ထားမှုအား အကြောင်းကြားခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ ၁၄-၃-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ငကစ/မူဝါဒ/(၈၁၈/၂၀၂၃)

၁။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၂၆၇ (https://www.un.org/securitycouncil/sanctions/1267/press-releases) မှ ထုတ်ပြန်သည့် ဆုံးဖြတ်ချက်များနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၇၁၈ (https://www.un.org/securitycouncil/sanctions/1718/press-releases) မှ ထုတ်ပြန်ထားသည့် ဆုံးဖြတ်ချက်များအပေါ် အချိန်နှင့်တစ်ပြေးညီ ဝင်ရောက်ကြည့်ရှုလေ့လာ၍ ထုတ်ပြန်ထားသော Sanction List များနှင့် သေချာစွာတိုက်ဆိုင်စိစစ်၍ ဝန်ဆောင်မှုများပေးရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ယခုအခါ ၂၆-၃-၂၀၂၆ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေး ကောင်စီဆုံးဖြတ်ချက်အမှတ် ၁၂၆၇ မှ ဆုံးဖြတ်ချက်အမှတ်၊ SC/16323 နှင့် ဆုံးဖြတ်ချက်အမှတ်၊ SC/16324 တို့ဖြင့် ထုတ်ပြန်ထားပါသဖြင့် သတင်းပို့အဖွဲ့အစည်းများဖြစ်သည့် အသေးစား ငွေရေးကြေးရေးကုမ္ပဏီများနှင့် ပုဂ္ဂလိကအာမခံကုမ္ပဏီများအနေဖြင့် အဆိုပါ Sanction List အား အချိန်နှင့်တစ်ပြေးညီ ဝင်ရောက်ကြည့်ရှု၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန်နှင့် မိမိတို့၏ Website/Webpage များတွင် Update အချိန်နှင့်တစ်ပြေးညီ လွှင့်တင်နိုင်ရန် အကြောင်းကြားပါသည်။

၂။ သို့ဖြစ်ပါ၍ အဆိုပါ Sanction List အပေါ် သိရှိလိုက်နာဆောင်ရွက် ပြီးစီးမှုများအား သက်ဆိုင်ရာ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များသို့ (၂၃-၄-၂၀၂၆) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

၂၀၊၃၊၂၀၂၆
(ဇော်နိုင်)
ညွှန်ကြားရေးမှူးချုပ်

ဖြန့်ဝေခြင်း

အသေးစားငွေရေးကြေးရေးကုမ္ပဏီများအားလုံး

ပုဂ္ဂလိကအာမခံကုမ္ပဏီများအားလုံး

မိတ္တူကို

အတွင်းရေးမှူး၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ (သိရှိနိုင်ပါရန်ပေးပို့အပ်ပါသည်။)

ညွှန်ကြားရေးမှူး၊အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနခွဲ

ညွှန်ကြားရေးမှူး၊ အာမခံလုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနခွဲ

ညွှန်ကြားရေးမှူးများ၊ အထက်/အောက်မြန်မာပြည်ကြီးကြပ်စစ်ဆေးရေးရုံး (သက်ဆိုင်ရာပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှတစ်ဆင့် ပေးပို့မှုများအားစုစည်း၍ပေးပို့နိုင်ပါရန် ညှိနှိုင်းအပ်ပါသည်။)

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေကြီး/ ပြည်နယ်ဦးစီးမှူးများ (သက်ဆိုင်ရာ သတင်းပို့အဖွဲ့အစည်းများ၏ သိရှိလိုက်နာဆောင်ရွက်ပြီးစီးမှု တင်ပြစာများအား မိမိတို့ သက်ဆိုင်ရာ အထက်/အောက်မြန်မာပြည်ကြီးကြပ်စစ်ဆေးရေးရုံးသို့ စုစည်း၍ပေးပို့နိုင်ရန်)

ရုံးလက်ခံ

မျှောစာ